**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၁၄ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်

( ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု(၆) ရပ် (Six Grave Violations) ဖြစ်သည့် ကလေးသူငယ်များအား သေကြေထိခိုက်ဒဏ်ရာရစေခြင်း၊ အရွယ်မရောက်သေးသူများအား လက်နက်ကိုင်အဖွဲ့များသို့ စုဆောင်းခြင်း၊ ကျောင်းနှင့်ဆေးရုံများအား တိုက်ခိုက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက် ကျူးလွန်ခြင်း၊ ကလေးသူငယ်များအား ပြန်ပေးဆွဲခြင်းနှင့် ကလေးသူငယ်များအား လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ပိတ်ပင်ခြင်းတို့မှ ကာကွယ်တားဆီးရန်အတွက် **“လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်<br>နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၁ ) |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၂ ) |
| (ဃ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်<br>နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၃ ) |
| (င) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်<br>နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဌ) | ကိုယ်စားလှယ်တစ်ဦး<br>စစ်ရေးချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (ဍ) | ကိုယ်စားလှယ်တစ်ဦး<br>စစ်ဥပဒေချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (ဎ) | ကိုယ်စားလှယ်တစ်ဦး<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (ဏ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်
စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်
နေရာချထားရေးဝန်ကြီးဌာန

(ဓ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(န) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်
နေရာချထားရေးဝန်ကြီးဌာန

၂။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လက်နက်ကိုင်ပဋိပက္ခအတွင်း ကြီးလေးသောကျူးလွန်မှုများ မဖြစ်ပွားစေရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအား အသိပညာပေးမှုများ၊ ကြိုတင်ကာကွယ်သည့် သင်တန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရန်နှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ခ) ကြီးလေးသောကျူးလွန်မှု (၆) ရပ်အနက် တစ်ရပ်ဖြစ်သည့် လက်နက်ကိုင်အဖွဲ့ များသို့ အသက်မပြည့်သေးဘဲ စုဆောင်းခြင်းမှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြင်ဆင်ဖွဲ့စည်းထားသည့် "အရွယ် မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ" နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) အကြမ်းဖက်ခြင်းခံရသည့် ကလေးသူငယ်များအတွက် ဆေးကုသမှု၊ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှု၊ ဥပဒေရေးရာပံ့ပိုးမှုနှင့် ၎င်းတို့၏ ဘဝရပ်တည်နေထိုင်မှုတို့အတွက် ထောက်ပံ့မှုများပေးရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) ကော်မတီသည် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော UNICEF၊ UNDP အဖွဲ့အစည်းများအပါအဝင် UNCTFMR နှင့်ပူးပေါင်းဆောင်ရွက်ရန်၊

(င) ဒေသတွင်းရှိ သက်ဆိုင်ရာ တပ်ဌာနချုပ်များ၊ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမရှိစေရန် သတ်မှတ်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စောင့်ကြည့်ဆောင်ရွက်ရန်၊

(စ) ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ အဓိကလုပ်ကိုင်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ကော်မတီ၏ ဆောင်ရွက်ချက်များကို မီဒီယာတွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆ) ကော်မတီအနေဖြင့် အရပ်ဘက်၊ စစ်ဘက်ဆိုင်ရာ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များမှ သွေဖီဖောက်ဖျက်သည့် သတင်းအချက်အလက်များ ရရှိပါက သက်ဆိုင်ရာ အရပ်ဘက်၊ စစ်ဘက်ဌာနများသို့ ညှိနှိုင်းအသိပေးပြီး စိစစ်၍ လိုအပ်ပါက အချိန်မီပြုပြင်ဆောင်ရွက်ရန်၊

(ဇ) အဆိုပါကျူးလွန်မှုများ ဖြစ်ပွားပါက တည်ဆဲသက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန်၊

(ဈ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆)ရပ်နှင့်ပတ်သက်သည့် ဖြစ်မှုများတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်၊

(ည) ကော်မတီအဖွဲ့ဝင်များကို လိုအပ်ပါက ပြင်ဆင်၊ ဖြည့်စွက် ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်။

၃။ "မှူ" အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများနှင့် ကော်မတီ၏ အစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၇ - ၁ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉ / ၂၀၁၉၊ ၅ - ၂ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂ / ၂၀၁၉ နှင့် ၁၉ - ၁၁ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၀ / ၂၀၁၉ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး